# CBDRR Practice
## Case Studies

Myanmar Red Cross Society



၂

# ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးအစီအစဉ် လုပ်ငန်းများဆောင်ရွက်ခြင်းကို ပိုမိုခိုင်မာအကျိုးရှိစေရန် မြို့နယ်အဆင့်တွင် လူစွမ်းအင်အရင်းအမြစ်ဖြည့်တင်းပေးခြင်း

## အနှစ်ချုပ်


စွမ်းဆောင်ရည်တည်ဆောက်ခြင်းသည်မြန်မာနိုင်ငံကြက်ခြေနီအသင်းကလုပ်ဆောင်နေသောဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ အကောင်ထည်ဖော်လုပ်ဆောင်ခြင်း၏အဓိက အချက် တစ်ချက်ဖြစ်ပြီး၊အဆင့်တိုင်းတွင်လူစွမ်းအားအရင်းမြစ်တိုးတက်စေရန်အထောက်အကူပြုပါသည်။ အထူးသဖြင့်မြို့နယ်အသင်းခွဲများ၏ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးလုပ်ဆောင်မှုစွမ်းရည် မျှားကိုမြှင့်တင်ပေးခြင်းသည်အရေးကြီးဆုံးအချက်တစ်ခုပင်ဖြစ်သ်အဘယ်ကြောင့်ဆိုသော် ယခုလက်ရှိမြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လုပ်ဆောင်သောဘေးအန္တ ရာယ်ကျရောက်မှုလျော့ပါးရေးလုပ်ငန်းအစီအစဉ်(၅)ခုအောက်တွင် လုပ်ဆောင်နေသော လုပ်ငန်းများကိုမြို့နယ်အသင်းခွဲ များကတိုက်ရိုက်တာဝန်ယူဆောင်ရွက်ရသောကြောင့်ဖြစ်သည်။[၁] စီမံချက်နှင့်သက်ဆိုင်သော သင်တန်းများကိုအစဉ်အလာတိုင်းသင်ကြားပို့ချပေးခြင်း၊ သင့်တင့်လျောက်ပတ်သောလမ်းညွှန်စာအုပ်များ၊ လက်စွဲစာအုပ်များဖြန့်ဝေပေးခြင်းနှင့်လက်တွေ့သင်ယူခြင်းများသည်ယခုလက်ရှိမြန်မာနိုင်ငံကြက်ခြေနီအသင်မှလုပ်ဆောင်လျှက်ရှိသော ဘေးအန္တရာယ်လျော့ ပါးရေးလုပ်ငန်းအစီအစဉ်(၅)မျိုးတွင်ကြက်ခြေနီအမှုဆောင်ကော်မတီဝင်များနှင့်ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏စွမ်းဆောင်ရည်တည်ဆောက်မြှင့်တင်ပေးရန်အတွက်ဖြစ်ပါသည်။


## မာတိကာ


+ နိဒါန်း ၂
+ မြို့နယ်အဆင့်တွင် ဘေးအန္တရာယ်လျော့ပါးရေး စွမ်းဆောင်ရည်တည်ဆောက်ခြင်း ၃
+ ဖြစ်မြောက်အောင်ကူညီထောက်ပံ့ပေးသော အကြောင်းအရာများ ၁၀
+ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ ၁၀
+ သင်ခန်းစာရရှိမှုများနှင့်အကြံပြုချက်များ ၁၁


၁ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဆောင်ရွက်လျှက်ရှိသော ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးလုပ်ငန်း အစီအစဉ် (၅) မျိုးမှာ– ၁)ရပ်ရွာလူထုအခြေပြုဘေးအန္တရာယစီမံခန့်ခွဲမှုအစီအစဉ်၊ ၂)ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်၊ ၃)မြို့ပြဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်၊ ၄)ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်နှင့် ၅)ဘေးအန္တရာယ်လျော့ပါးရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့်ပင်လယ်ကမ်းရိုးတမ်းဒေသများတွင်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တို့ဖြစ်ပါသည်။ အစီအစဉ်(၁)ကို၂၀၀၈ခုနှစ်ကတည်းကပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏ကူညီထောက်ပံ့မှုဖြင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ယခုနှစ်၂၀၁၃ခုနှစ်တွင် အဆိုပါလုပ်ငန်းအစီအစဉ်များကိုစက်ပူကြက်ခြေနီအသင်း၏ကူညီထောက်ပံ့မှုဖြင့်လုပ်ဆောင်လျှက်ရှိသည်။အစီအစဉ်(၃) နှင့်အစီအစဉ်(၄)ကိုရခိုင်ပြည်နယ်၊ရန်ကုန်မြို့နယ်၊မန္တလေးမြို့နယ်နှင့်ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင်နော်ဝေကြက်ခြေနီ အသင်း၏ကူညီထောက်ပံ့မှုဖြင့် လုပ်ဆောင်ပြီးလုပ်ဆောင်လျှက်ရှိပါသည်။ ၄င်းစီမံချက်လုပ်ငန်းအစီအစဉ်နှစ်ခုစလုံးက ၂နှစ်နှစ်တာကာလ(၂၀၁၃–၂၀၁၄)ခုနှစ်အတွင်းလုပ်ဆောင်မည်ဖြစ်ပါသည်။ အစီအစဉ်(၄)ကိုဧရာဝတီတိုင်းဒေသကြီးတွင် ဟောင်ကောင်ကြက်ခြေနီအသင်း၏အကူအညီဖြင့်၂၀၁၃မှ၂၀၁၅ခုနှစ်အထိနှစ်နှစ်တာကြာမျှလုပ်ဆောင်မည်ဖြစ်သည်။ ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးအစဉ်များကိုပြင်သစ်ကြက်ခြေနီ/ကနေဒီယန်းကြက်ခြေနီအသင်းတို့၏ ကူညီထောက်ပံ့မှုဖြင့် (၅) နှစ်ကြာမျှအကောင်ထည် ဖော်လုပ်ဆောင်ရန်စီစဉ်ထားပါသည်။

ဇယား ၁။ မြို့နယ်ကြက်ခြေနီအသင်းခွဲအမှုဆောင်ကော်မတီ၏ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရား

| ရာထူး | အစိုးရအရာရှိများ/ကြက်ခြေနီဝန်ထမ်း | တာဝန်ဝတ္တရားများ |
|---|---|---|
| ဥက္ကဋ္ဌ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ကျန်းမာရေးဝန်ဆောင်မှုများ၊သွေးလှူဒါန်းခြင်း |
| ဒု/ဥက္ကဋ္ဌ –၁ | မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ဦးစီးမှူး | ဘေးအန္တရာယ်စီမံခန့်ခွဲရေး |
| ဒု/ဥက္ကဋ္ဌ – ၂ | မြို့နယ်ပညာရေးမှူး | ကျောင်းကြက်ခြေနီ၊ လူငယ်ကြက်ခြေနီ |
| ဘဏ္ဍာရေးမှူး | မြို့နယ်စာရင်းစစ်ဦးစီး မှူး | ဘဏ္ဍာရေး/ ရန်ပုံငွေနှင့်စာရင်းစစ်ခြင်း |
| အတွင်းရေးမှူး | မြို့နယ်ကျန်းမာရေး မှူးဦးစီးမှရွေးချယ်တာဝန်ပေးထားသောကျန်းမာရေးဝန်ထမ်း (ကျန်းမာရေးဆရာမ/ ကျန်းမာရေးမှူး) | သွေးလှူဒါန်းခြင်းလုပ်ငန်းများ၊သွေးလှူရှင်များစုဆောင်းပေးခြင်း၊ကမ္ဘာ့ကြက်ခြေနီနေ့နှင့်ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်ပွဲများကျင်းပခြင်း |
| တွဲဘက်အတွင်းရေးမှူး | ဒုတပ်ရင်းမှူး (ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | ကြက်ခြေနီအသိပညာပျံ့ပွားရေးလုပ်ငန်းများ၊ ဘေးန္တရာယ်လျော့ပါးရေးလုပ်ငန်းများ+စီမံခန့်ခွဲရေး၊ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်းများ၊ကြက်ခြေနီအသင်းခွဲရုံးများဖွံ့ဖြိုးတိုးတက်မှုများ၊ လူငယ်ကြက်ခြေနီအသင်းဝင်များဖွံ့ တိုးတက်မှုများနှင့်ကြက်ခြေနီ အသင်းဝင်အသစ်များ၏ တိုးတက်မှုများ၊ |
| အသင်းဝင် | မြို့နယ်မီးသတ်ဦးစီးမှူး | ဘေးဒုက္ခစီမံခန့်ခွဲရေးနှင့်ပြန်လည်ထူထောင်ရေး |
| အသင်းဝင် | ဒု/ အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဌာန) | ဘေးဒုက္ခစီမံခန့်ခွဲရေး၊ စေတနာ့လုပ်အားရှင်များ စုဆောင်းခြင်း၊အသိပညာပြန့်ပွားရေးလုပ်ငန်းများ |
| အသင်းဝင် | ရပ်မိရပ်ဖ | ဝင်ငွေတိုးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ရန်ပုံငွေရှာဖွေခြင်း |
| အသင်းဝင် | ရပ်မိရပ်ဖ | ဝင်ငွေတိုးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ရန်ပုံငွေရှာဖွေခြင်း။ |

# နိဒါန်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသောအကြီးဆုံးအဖွဲ့အစည်းတစ်ခုဖြစ်ပြီးရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်လုပ်ငန်းများကိုမြန်မာနိုင်ငံတွင် ၂၀၀၃ခုနှစ်ကတည်းကစတင်လုပ်ဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အကြီးမားဆုံးသောအားသာချက်မှာ နိုင်ငံတစ်ဝန်းလုံးရှိမြို့နယ်မှအစကျေးရွာအဆုံးတွင် မြန်မာနိုင်ငံကြက်ခြေနီ အသင်းဝင်ဦးရေပေါင်း၁၀၀,၀၀၀ကျော်နီးပါးနှင့်အဖွဲ့များတည်ရှိနေပြီး ကြက်ခြေနီလူငယ်စေတနာ့လုပ် အားရှင်ဦးရေပေါင်း ၂၀၀,၀၀၀ကျော်ရှိခြင်းပင်ဖြစ်သည်။ ထိုကြက်ခြေနီအသင်းဝင်နှင့် စေတနာ့လုပ်အားရှင်များကို ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဘေးအန္တရာယ်ထိခိုက်မှုနည်းပါးစေရေး၊ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဘေးအန္တရာယ်လျှော့ချရေးဆိုင် ရာကျွမ်းကျင်မှုများ ရှိစေရန်ကြက်ခြေနီအသင်း၏ဝန်ထမ်းနှင့်စေတနာ့လုပ်အားရှင်များ လုံလောက်စွာရှိခြင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက အရင်းအမြစ်များဖြစ်သည့်လူအင်အားနှင့်ငွေကြေးရန်ပုံငွေ အင်အားတို့ကို ထည့်သွင်းကာစွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲ၍ပြု လုပ်ပေးပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော စေတနာ့လုပ်အားရှင်များနှင့်ဝန်ထမ်းများအစဉ်မပြတ်နှုတ်ထွက်မှုကြောင့်စွမ်းဆောင်မှု မြင့်သောလုပ်သား/ ဝန်ထမ်းလစ်လပ်မှုပြဿနာကိုကြုံတွေ့ရသည်။ ထို့ကြောင့်လစ်လပ်နေသောရာထူးနေရာများကို ကျွမ်းကျင်သောဝန်ထမ်းအသစ်များ၊ စေတနာ့လုပ်အားရှင်များပြန်လည်ဖြည့်တင်းမှုများနှင့် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ခြင်းကို စဉ်ဆက်မပြတ် လုပ်ဆောင်နေရသည်။ ထို့ပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနအောက်တွင်လုပ်ဆောင်နေသော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးစီမံခန့်ခွဲရန် အစပျိုးလုပ်ငန်းများကို ပိုမိုချဲ့ထွင်နေသောကြောင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ယခင်ကထက်ပိုမိုလိုအပ်နေပါသည်။ အထူးသဖြင့်ပြည်နယ်နှင့်တိုင်းအဆင့်နှင့်မြို့နယ်အဆင့်တွင်တာဝန်ရှိသူ များ အားစွမ်းဆောင်ရည်မြှင့်တင်ပေးရာတွင် ဦးစားပေးထည့်သွင်းစဉ်းစား ရပါသည်။ ဤအမြင်သည်မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အသင်းခွဲများ[၂] ကိုကိုယ်ပိုင်ရပ်တည်စီမံခွင့်ပေးထားသောရည်မှန်းချက်နှင့်ကိုက်ညီမှုရှိပါသည်။

ထို့အပြင်မြန်မာနိုင်ငံကြက်ခြေနီအသင်းလုပ်ငန်းများသည်မြို့နယ်ကြက်ခြေနီအသင်း၏စနစ်ပေါ်တွင်များစွာအခြေခံနေပြီးရပ်ရွာအခြေပြုဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးလုပ်ငန်းများ/ ရပ်ရွာ အခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ကျွမ်းကျင်မှုရှိစေရန်လိုအပ်ပါသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများအသင်းများဖက်ဒရေးရှင်း၏ ထောက်ပံ့မှုဖြင့် ၂၀၁၁ခုနှစ်တွင်မြန်မာနိုင်ငံ ကြက်ခြေနီအသင်းခွဲများ တိုးတက်မှုပုံစံကိုထုတ်ခဲ့ပါသည်။ ၎င်းတို့ ၏ရပ်ရွာအတွင်းရှိဘေးအန္တရာကျရောက်လွယ်မှု အရှိဆုံးလူအုပ်စုများအား ကယ်ဆယ်ရေးလုပ်ငန်းများအတွက်အနည်းဆုံးလိုအပ်ချက်များ ထဲမှတစ်ခုမှာ အရေးပေါ်တုန့်ပြန်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန်ကြက်ခြေနီစေတနာ့လုပ်အားရှင်(၃၅)ဦးနှင့်အရန်အသင့် အဖွဲ့တစ်ခုကိုဖွဲ့စည်းထားရန်ဖြစ်ပါသည်။

# မြို့နယ်အဆင့်တွင် ဘေးအန္တရာယ်လျော့ပါးရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်း

## မြို့နယ်အဆင့်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဖွဲ့ဆည်းတည်ဆောက်ပုံ

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်[၃] မှစ၍မြို့နယ်အဆင့်အထိ ကိုယ်စားပြုတည်ရှိပြီး ပြည်နယ်/ တိုင်းဒေသကြီး/ ခရိုင်ရှိ အသင်းခွဲများဖွဲ့ဆည်းပုံနှင့် အလားတူမြို့နယ်ကြက်ခြေနီအသင်း[၄] သည်လည်းအမှုဆောင်ကော်မတီအဖွဲ့ဝင် ၁၀ ဦးဖြင့်ပါဝင်ဖွဲ့ဆည်းထားပါသည်။၎င်းဖွဲ့ဆည်းပုံများကို ဇယား(၁) တွင်ဖော်ပြထားပါသည်။

ရပ်ရွာလူထုအခြေပြု ဘေးအန္တရေယ်လျှော့ချရေး အစီအစဉ်ကိုတာဝန်ယူဆောင် ရွက်ရန် (၁၀)ဦးပါကော်မတီကို မြို့နယ်အသီးသီးတွင်ဖွဲ့စည်းထားသည်။ ဘေးအန္တရေယ်လျှော့ချရေးလုပ်ငန်းများမရှိစေကာမူ ၎င်း(၁၀) ဦးမှာအမြဲရှိရမည်ဖြစ်သည်။ ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာစေတနာ့လုပ်အားရှင်အဖွဲ့ (၉) ဦးသည် လူထုစည်းရုံးရေး၊ ထိခိုက်နိုင်မှုနှင့်စွမ်းဆောင်ရည် စစ်တမ်းကောက်ယူခြင်းနှင့် လုပ်ငန်းစဉ်များကိုညှိနှိုင်းပေးပြီးနှိုးဆော်ထိမ်းသိမ်းခြင်း အစီရင်ခံခြင်းများကိုတာဝန်ယူ ဆောင်ရွက်ပါသည်။

၂ မြန်မာနိုင်ငံကြက်ခြေနီအသင်း မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၁၁ – ၂၀၁၅ အအစဉ် https://myanmarredcrosssociety.org/publications/Strategy%202015%20%28English%293.pdf တွင်ကြည့်နိုင်ပါသည်။

၃ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟို) ရုံးသည် နေပြည်တော်မြို့တွင်ရှိပါသည်။

၄ မြန်မာနိုင်ငံတွင်မြို့နယ်ကြက်ခြေနီအသင်းခွဲပေါင်း ၃၃၀ တွင်ကြက်ခြေနီအသင်းခွဲများရှိရာ မြို့နယ်တစ်မြို့နယ်စီတွင် ကြက်ခြေနီအသင်းခွဲတစ်ခုစီရှိသည်ဟု တွက်ဆနိုင်ပါသည်။

ပုံ ၁။ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စတင်လုပ်ဆောင်မှုပဏာမ ခြေလှမ်းများနှင့်စပ်လျဉ်း၍ မြို့နယ်ကြက်ခြေနီ အမှုဆောင်ကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

- ထိခိုက်ခံရလွယ်မှုနှင့် စွမ်းဆောင်ရည်စိစစ်စစ်ဆေးမှုရလဒ်အရမြို့နယ်အတွင်းရှိ ဘေးအန္တရာယ်ထိခိုက်ခံရလွယ်မှုအများဆုံးဖြစ်သောရပ်ကွက်/ကျေးရွာကို ရွေးချယ်သတ်မှတ်ခြင်း။
- ဦးတည်ထားသောရပ်ကွက်/ ကျေးရွာများသို့ ပုံမှန်လေ့လာရေးခရီးများ သွားခြင်း။
- လုပ်ဆောင်မည့်လုပ်ငန်းများနှင့်ကုန်ကျစရိတ်များကိုမြန်မာနိုင်ငံကြက်ခြေနီရုံးချုပ်(ဗဟို)သို့အစီရင်ခံစာတင်ခြင်း။
- ညှိနှိုင်းဆွေးနွေးမှုအစည်းအဝေးများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအားကိုယ်စားပြုခြင်း
- ပြည်သူလူထုအားအသိပညာတိုးပွားရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊မြို့နယ်အဆင့်တွင်လူထုပါဝင်လာအောင်ဆော်ဩစည်းရုံးခြင်း၊
- လေ့ကျင့်သင်ကြားပြီးထားသောသူများအား ပါဝင်လာဆောင်ဆော်ဩလှုံ့ဆော်ခြင်း။



မြန်မာနိုင်ငံကြက်ခြေနီအသင်းသင်တန်း၏ သင်တန်းတက်ရောက်အောင်မြင်ပြီးသောသင်တန်းသားများ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းအများစုကို ဆောင်ရွက်ပေးသော စေတနာလုပ်အားရှင်များကိုလေးမျိုးခွဲခြားနိုင်သည်။

- ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စံလုပ်ငန်းများ၊ တူညီသောလုပ်ငန်းစဉ်များကို ဆောင်ရွက်သည်။
- ကျောင်းကြက်ခြေနီအဖွဲ့ဝင်များ (ဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ)။ စုစုပေါင်းကြက်ခြေနီအသင်း၏(၂၅%) မှာ ကျောင်းကြက်ခြေနီအဖွဲ့ဝင်များ ဖြစ်ပြီးငင်းတို့၏ လုပ်ငန်းစဉ်များမှာလူထုကျန်းမာရေးပညာရေးခြင်း၊ကျန်းမာရေးအသိပညာများကျယ်ပြန့် အောင်ဆောင်ရွက်ခြင်းနှင့် ရှေးဦးသူနာပြုစုနည်းသင်တန်းများပေးခြင်းဖြစ်သည်။
- ရာသက်ပန်ကြက်ခြေနီအသင်းဝင်။ သာမန်အရွယ်ရောက်ပြီးစေတနာရှင်များနှင့်
- လူငယ်ကြက်ခြေနီ

ဘေးအန္တရာယ်ကျရောက်မှု လျော့ပါးရေး/ စီမံခန့်ခွဲရေးအဖွဲ့နှင့်ကြက်ခြေနီအမှုဆောင်အဖွဲ့တို့သည်မြို့နယ် အသင်းခွဲတိုင်းတွင် အဖွဲ့ခွဲဖွံ့ဖြိုးတိုးတက်မှုပုံစံသစ်အရထားရှိမည်ဖြစ်သည်။ သို့သော်လည်း အသင်းအဖွဲ့ဖွံ့ဖြိုးတိုးတက်မှုပုံစံသစ်၏ လိုအပ်ချက်အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးအောက်တွင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ငယ်များကိုလည်း မြို့နယ်အဆင့်တွင်ဖွဲ့စည်းထား ပါသည်။ အောက်ပါပုံစံသည် ဘေးအန္တရာယ်လျှော့ချရေး အစီစဉ်များတွင် ဖွဲ့စည်းထားသော အဆင့်ဆင့်သောအဖွဲ့ငယ်များနှင့် ကော်မတီများကို ဖော်ပြထားပါသည်။

ပုံ ၂။ ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု/ ဘေးအန္တရာယ်လျော့ပါးရေးဖွဲ့ဆည်းမှုပြပုံ

| ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ် | ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် | မြို့ပြဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် | ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် | ဘေးအန္တရာယ်လျော့ပါး ရေးအစီအစဉ် |
|---|---|---|---|---|
| ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လေ ျော့ပါး ရေးစီမံခန့်ခွဲမှုအစီအစဉ်ဖြစ်မြောက် အောင်ဆောင်ရွက်သူများအဖွဲ့ (၆) | ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေ းအစီအစဉ် ဖြစ်မြောက်အောင်ဆောင်ရွက်သူများအဖွဲ့(ကျောင်းတစ်ကျောင်းစီမှဆရာ/ မ ၂ ဦး၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်၃ ဦး + ပညာရေးမှူး | မြို့ပြဘေးအန္တရာယ် လျော့ပါးရေးကော်မတီ (၆) | ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးကြီးကြပ်မှုကော်မတီ | မြို့နယ်အသင်းခွဲစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဒေသခံကြက်ခြေနီ (၇)ဦး |
| ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေးစီမံခန့်ခွဲမှုဆင့်ပွားအဖွဲ့ (တစ်ရွာလျှင် ၃၀ဦး) | ကျောင်းအခြေပြု ဘေးအန္တရာယ် လျော့ပါးရေးစီမံ ခန့်ခွဲမှု ဆင့်ပွားအဖွဲ့ (တစ်ကျောင်းလျှင် ၂၂ဦး) | ရပ်ကွက်ဘေးအန္တရာယ် လျော့ပါးရေးကော်မတီ | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီ | ကျောင်းအခြေပြု ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးအတွက်(၇)ဦး |
| | | ကျောင်းဘေးကင်းလုံခြုံရေးအဖွဲ့ (၇)ဦး | ရပ်ကွက်ဘေးကင်းလုံခြုံရေးနှင့်ကြံ့ကြံ့ခံနိုင်မှုတည်ဆောက်ရေးကော်မတီ | ကျေးရွာဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (၆)ဦး |

## ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ဆောင်မှုနည်းလမ်းများ

### အစီအစဉ်

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်**

- ရပ်ရွာပြည်သူလူထုအားလုံးဘေးဒုက္ခစီမံခန့်ခွဲမှုအသိပညာနှင့် ကျွမ်းကျင်မှုများရရှိပြီးဘေးအန္တရာယ်ဖြစ်နိုင်ပွားနိုင်ခြေများလျော့ပါး သွားစေရန်
- ရပ်ရွာနေပြည်သူလူထုအကြားဘေးအန္တရာယ်နှင့်ပတ်သက်၍အသိ ပညာများတိုးပွားလာစေရန်
- ရပ်ရွာနေပြည်သူများအားဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ နှင့်ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်လာစေရန်အတွက်စွမ်းအားမြှင့်တင်ပေးရန်
- စီမံချက်လုပ်ငန်းများဆောင်ရွက်သောနေရာဒေသများ– ဧရာဝတီတိုင်း၊ ပဲခူးတိုင်း(အရှေ့ခြမ်း)၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် တနင်္သာရီတိုင်းဒေသကြီး

**ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်**

- ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် ကျောင်းသူ/သား၊ဆရာ ဆရာမများပါဝင်ခြင်းဖြင့်မြန်မာနိုင်ငံတွင်ဘေးအန္တရာယ်ကျရောက်လွယ်သောနေရာဒေသမှ ကျောင်းသူ/သားများ၏ အန္တရာယ်ကြံ့ကြံ့ခံ နိုင်မှုမြင့်မားတိုးတက်လာစေရန်

စီမံချက်လုပ်ငန်းဆောင်ရွက်သောဒေသများ – ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်း(အရှေ့)၊မကွေးတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)

**မြို့ပြဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်**

- မြို့ပြဒေသများတွင်ကျန်းမာရေးပြသနာများအပါအဝင်ဘေးအန္တရာယ် များနှင့်ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသောအရာများနှင့်စပ်လျဉ်း၍ အသိပညာများတိုးပွားလာစေရန်
- မြို့ပြများတွင်လူထုအခြေပြုဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်မှုအဆင့်များ ပိုမိုကောင်းမွန်လာစေရန်
- ကြိုတင်သတိပေးမှုစနစ်များတပ်ဆင်ပြုလုပ်ဆောင်ရွက်လာနိုင်စေရန်
- ထိရောက်မှုရှိသောလူထုပါဝင်လာအောင်ဆော်ဩြစည်းရုံးမှုလုပ်ထုံး လုပ်နည်းများဖြစ်လာစေရန်
- ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်အခြားစီမံချက်တွင်ပါဝင် မည့်သူများနှင့်ပူပေါင်းညှိနှိုင်းခြင်းနှင့်အတူတကွလက်တွဲဆောင်ရွက်မှု များတည်ဆောက်နိုင်ရန်

စီမံချက်လုပ်ငန်းများဆောင်ရွက်သောနေရာဒေသများ– မန္တလေးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် ရန်ကုန်တိုင်းဒေသကြီး

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်**

- ရပ်ရွာ/ရပ်ကွက်အတွင်းလုံခြုံစိတ်ချရပြီးဘေးအန္တရာယ်ကြံ့ခံနိုင်မှုစွမ်းရည်တိုးမြင့်လာစေရန်နှင့်အိမ်၊ကျောင်းနှင့်ရပ်ရွာလူထုအဆင့်များတွင် ဘေးအန္တရာယ်ကျရောက်နိုင်မှုများလျော့ပါးစေရန် လူထုပါဝင်အောင် ဆော်ဩြစည်းရုံးမှုများတိုးတက်လာပြီးဘေးအန္တရာယ်ကြောင့်ထိခိုက်မှုလျော့ပါး ရေးလုပ်ငန်းများကို အတူတကွပူးတွဲဆောင်ရွက်ရန်

စီမံချက်လုပ်ငန်းများဆောင်ရွက်သောဒေသ – ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်

**ဘေးအန္တရာယ်ကျရောက်မှုလျော့ချရေးအစီအစဉ်**

- ကမ်းရိုးတမ်းဒေသ၊ ပြည်နယ်နှင့်တိုင်းများမှ ဘေးအန္တရာယ်ကျရောက်နိုင်မှုအများဆုံးရှိသောမြို့နယ်များတွင်ရပ်ရွာလူထုအခြေပြုလုပ်ငန်းများတိုးမြင့်လာစေရန်အလို့ငှာမြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရပ်ရွာပြည်သူလူထု၊ အဓိပါဝင်ဆောင်ရွက်မည့် အစိုးရအဖွဲ့ဝင်များနှင့်အခြားပါဝင်လုပ်ဆောင်မည့်သူများ၏စွမ်းဆောင် ရည်မြင့်မားရန်စွမ်းဆောင်ခြင်း
- ဘေးအန္တရာယ်ကျရောက်လွယ်သော ရွေးချယ်ထားသည့်ရပ်ရွာများတွင်သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင်ပိုမိုထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ရန်အသိပညာဗဟုသုတရှိမှု၊ နားလည်သဘောပေါက်မှုနှင့်ဖွဲ့စည်းလုပ်ဆောင်မှုအစရှိသောစွမ်းဆောင်ရည်များပိုမို မြင့်တက်ကောင်းမွန်လာစေရန်
- စီမံချက်လုပ်ငန်းများတည်ရှိရာပြည်နယ်နှင့်တိုင်း၄ခုရှိ ဘေးအန္တရာယ်ကျရောက်လွယ်သောနေရာများတွင်ဦးတည်ထားသောကျောင်းများ၌လုပ်ငန်းအစီအစဉ်များကြိုတင်သတ်မှတ်ခြင်း၊အသိပညာဗဟုသုတ နှင့်နားလည်သဘောပေါက်မှုများတိုးပွားအောင် ပြုလုပ်ပေးခြင်း ဖြင့်ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများကိုအား ကောင်းလာစေရန်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏နိုင်ငံအတွင်းဘေးအန္တရာယ်ကျ ရောက်မှုလျော့ပါးရေးလုပ်ငန်းများကိုအသိပညာပေးစည်းရုံးမှုတွင်ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ပါဝင်ခြင်းဖြင့် ယင်းနှင့်ပတ်သက်သောသတင်းအချက်အလက်များနှင့်ဆက်သွယ်မှုများတွင်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်သောနေရာများ – ဧရာဝတီတိုင်း၊ ပဲခူးတိုင်း(အနောက်)၊ ရခိုင်ပြည်နယ် နှင့် ရန်ကုန်တိုင်းဒေသကြီး





| | လူသားအရင်းအမြစ်ပါဝင်မှု | စွမ်းဆောင်ရည်မြှင့်တင်သည့်အထောက်ကူပစ္စည်းများ |
|---|---|---|
| | • မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)ဝန်ထမ်းများ(သက်ဆိုင်ရာဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်ဘေး အန္တရာယ်လျော့ပါးရေးဌာနမှဝန်ထမ်းများ)နှင့်အခြားဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့်ဆက်နွယ်မှုရှိသောဌာနများမှဝန်ထမ်းများ<br>• ကြက်ခြေနီစေတနာ့လုပ်အားရှင်များ | • စံသတ်မှတ်ထားသော၊အထူးစီမံထားသော သင်ရိုးညွှန်းတန်း<br>• လမ်းညွှန်စာအုပ်များနှင့် လက်စွဲစာအုပ်များဖြန့်ဝေခြင်း<br>• လက်တွေ့လုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်း<br>• သဏ္ဍာန်တူလေ့ကျင့်မှုများနှင့် သရုပ်ပြလုပ်ဆောင်ခြင်းများ |
| | • မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်) ဝန်ထမ်းများ (သက်ဆိုင်ရာဘေးအန္တရာယ် ကြိုတင်ကွယ်ရေးနှင့်ဘေးအန္တ ရာယ်လျော့ပါးရေးဌာနမှဝန်ထမ်းများ)နှင့် အခြားဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများနှင့်ဆက်နွယ်မှုရှိသော ဌာနများမှဝန်ထမ်းများ<br>• ကြက်ခြေနီစေတနာ့လုပ်အားရှင်များ | • စံသတ်မှတ်ထားသော၊ အထူးစီမံထားသောသင်ရိုး/ သင်တန်း<br>• လမ်းညွှန်စာအုပ်နားနှင့် လက်စွဲစာအုပ်များဖျန့်ဝေခြင်း<br>• လက်တွေ့သင်ယူလုပ်ဆောင်ခြင်း<br>• သဏ္ဍာန်တူကျင့်မှုများနှင့် သရုပ်ပြလုပ်ဆောင်ခြင်းများ |
| | • မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)ဝန်ထမ်းများ။<br>ဘေးဒုက္ခစီမံခန့်ခွဲရေးညွှန်ကြားရေးမှူး၊ ဒုညွှန်ကြားရေးမှူး၊အစီအစဉ်ညှိနှိုင်းရေးမှူး၊ ဒုတိယစစ်ကြောရေးမှူး၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုတာဝန်ခံကိုယ်စားလှယ်<br>• ကွင်းဆင်းဝန်ထမ်းများ။ ကွင်းဆင်းအရာရှိ၊ ရပ်ရွာတွင်းစည်းရုံးဆော်သြလှုံ့ဆော်သူ | • အခြေခံပစ္စည်းကိရိယာများနှင့် ရုံးခန်းအတွက်လိုအပ်သောပရိဘောဂများ<br>• ကျွမ်းကျင်မှုတည်ဆောက်ခြင်းသင်တန်းများ၊စောင့်ကြည့်စစ်ဆေးခြင်း၊အကဲဖြတ်ခြင်းနှင့်အစီရင်ခံခြင်း သင်တန်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းများ၊ နှင့်ကျား–မကွဲပြားခြင်း၏အရေးပါမှု သင်တန်းများ<br>• ဘေးအန္တရာယ်ကျရောက်မှုနှင့် စွမ်းဆောင်ရည်ကိုစစ်ဆေးသော လက်တွေ့လုပ်ငန်းများ<br>• ဘေးအန္တရာယ်လျှော့ချရေးကွင်း ဆောင်ဆောင်ရွက်မှု |
| | • မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)ဝန်ထမ်းများ၊ဘေးဒုက္ခစီမံခန့်ခွဲရေး(ဌာနမှူး)၊ဒု(ဌာနမှူး)၊ အစီအစဉ်ညှိနှိုင်းရေးမှူး၊ လုပ်ငန်းစောင့် ကြည့် စစ်ဆေးခြင်း၊အကဲဖြတ်ခြင်းနှင့်အစီရင်ခံခြင်းလုပ်ငန်းများတာဝန်ခံညှိနှိုင်းရေးမှူး၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုတာဝန်ခံကိုယ်စား လှယ်(နည်းပညာပိုင်းဆိုင်ရာအကြံပြုချက်များ ပံ့ပိုးပေးခြင်း)<br>• ကွင်းဆင်းဝန်ထမ်းများ။ ကွင်းဆင်းအရာရှိ(အကောင်ထည်ဖော်ဆောင်ရွက်သူ)၊ရပ်ကွက်တွင်းစည်းရုံးလှုံ့ဆော် ြေ သဘ်သူ၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်သူ၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာကျွမ်းကျင်သူ | • အခြေခံပစ္စည်းကိရိယာများနှင့် ရုံးခန်းအတွက်လိုအပ်သောပတိ ဘောဂများ<br>• ကျွမ်းကျင်မှုတည်ဆောက်ခြင်းသင်တန်းများ၊စောင့်ကြည့်စစ်ဆေးခြင်း၊အကဲဖြတ်ခြင်းနှင့်အစီရင်ခံခြင်းသင်တန်းများ၊ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းများ၊ နှင့်ကျား–မမတူညီခြင်း၏အရေးပါမှုသင်တန်းများ<br>• ဘေးအန္တရာယ်ကျရောက်မှုနှင့် စွမ်းဆောင်ရည်ကိုစစ်ဆေးခြင်းလေ့ကျင့်ခန်းများ<br>• ဘေးအန္တရာယ်လျှော့ချရေးကွင်း ဆင်းဆောင်ရွက်မှုများ |
| | သက်ဆိုင်ရာမြို့နယ်အသင်းခွဲများ၏စွမ်းဆောင် ရည်များမြင့်မားတိုးတက်ရန်တည်ဆောက်ပေးခြင်း<br>• မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟိုဌာန)မှ မြို့နယ်ကြက်ခြေနီအသင်ခွဲများစွမ်းဆောင်ရည်မြှင့်တင်ရေး အရာရှိတစ်ဦး<br>• မြို့နယ်ကြက်ခြေနီအသင်ခွဲများစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအရာရှိနှစ်ဦး(မြို့နယ်အဆင့်ရှိ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ)<br>• မြို့နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်များကို ရည်ရွယ်၍သတ်မှတ်ထားသော သင်တန်းများပို့ချခြင်းတွင်ခန့်အပ်ထားရှိ သောဝန်ထမ်းများမှာ–ဘေးအန္တရာယ်ကျရောက်နိုင်မှုများကို စီစစ်စစ်ခြင်းသင်တန်းအရာရှိ(၂) ဦး<br>• ရပ်ရွာလူထုဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးသင်တန်းအရာရှိ (၄)ဦး<br>• အသိပညာပေးသင်တန်းအရာရှိ(၂)ဦး<br>• ထိခိုက်မှုများလျော့ပါးရေးသင်တန်းအရာရှိ(၂)ဦး<br>မှတ်ချက်။ ၎င်းဝန်ထမ်းများနှင့် သင်တန်းများကို အကြောင်းအရာပေါ်မူတည်၍ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ်ရှိ သက်ဆိုင်ရာဌာ နများမှဝန်ထမ်းများကပံ့ပိုးပေးပါသည်။ | • စံသတ်မှတ်ထားသော၊အထူးစီမံ ထားသောသင်ရိုးဖြင့်ပို့ချသောသင်တန်း<br>• လမ်းညွှန်စာအုပ်နားနှင့်လက်စွဲစာ အုပ်များဖျန့်ဝေခြင်း<br>• လုပ်ဆောင်မှုများဆောင်ရင်းဖြင့်သင်ယူမှု<br>• လက်တွေ့လေ့ကျင့်မှုများနှင့် သဏ္ဍာန်တူလေ့ကျင့်ခြင်းများ<br>• မြို့နယ်စီမံချက်လုပ်ငန်းများပြန်လည် အားဖြည့်ခြင်းလုပ်ငန်းများ<br>• ဝင်ငွေတိုးလုပ်ငန်းများ |



## လက်ရှိလုပ်ဆောင်နေသောစွမ်းဆောင်ရည်တည်ဆောက်မှု လုပ်ငန်းများ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းမြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကိုအဓိကကျသောအစီအစဉ်(၅) ခုအောက်တွင် လုပ်ဆောင်လျှက်ရှိရာ ၄င်းလုပ်ငန်း အစီအစဉ်များမှာ

၁။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုအစီအစဉ်
၂။ ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်
၃။ မြို့ပြဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်
၄။ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်
၅။ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်(ဘေးအန္တရာယ်လျော့ပါးရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်)

အဆိုပါစီမံချက်လုပ်ငန်းအစီအစဉ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှအကောင်ထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်အစီအစဉ်၊မြို့ပြဘေးအန္တရာယ်လျော့ပါး ရေးအစီအစဉ်၊ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်နှင့်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များကို၂၀၀၈ခုနှစ်'နာဂစ်' ဆိုင်ကလုံးတိုက် ခတ်မှုခံရပြီးနောက်ပိုင်တွင်မှ စတင်လုပ်ဆောင်ခဲ့ကြသည်။ ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုကိုနိုင်ငံတစ်ဝှမ်းရှိစီမံချက် မြို့နယ်များတွင်လုပ်ဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ စီမံခန့်ခွဲအောက်တွင်လုပ်ကိုင်နေသော စီမံချက်အစီအစဉ်များ အားလုံးသည်မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့အစည်း တိုးတက်မှုဆိုင်ရာဌာနမှ ချမှတ်ထားသော ကြက်ခြေနီ အသင်းခွဲများဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများစံနှုန်းများကိုလိုက်နာကြရပါသည်။ စီမံချက်ဒေသမြို့ နယ်ကြက်ခြေနီအသင်းခွဲများ၏စွမ်းဆောင်ရည်များကိုအသင်းခွဲများတိုးတက်ဖွံ့ဖြိုးမှုပုံစံသစ်၏အောက်တွင်ရှိသောမြို့နယ်အသင်းခွဲများအားစီစစ်စစ်ဆေးခြင်းစံနမူနာကိုသုံး၍တိုင်းတာစစ်ဆေးမှုများပြုလုပ်ပါသည်။ စီစစ်ရာတွင်ပိုင်ဆိုင်ပစ္စည်း၊ လူအင်အားအရင်းမြစ်၊ငွေကြေးနှင့်နည်းပညာဆိုင်ရာ(ရပ်ရွာအခြေပြုနှင့် ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၊ရှေးဦးပြုစုခြင်းနည်းပညာ)အရင်းအမြစ်နှင့်စွမ်းဆောင်ရည်များနှင့်စပ် လျဉ်း၍ လိုအပ်ချက်များနှင့်ကွာဟချက်များကိုဖော်ထုတ်ရန် ဖြစ်ပါသည်။ အဆိုပါစစ်ဆေးမှုများရလဒ်များသည် သင့်တော်သောစွမ်းဆောင်ရည်တည်ဆောက်မှုနှင့် ညီသောနည်းနာနိ သယလုပ်ဆောင်နည်းများကိုချမှတ်ရန်အတွက်အခြေခံကျပါသည်။ သို့သော်လည်း အမှန်တကယ်စွမ်းဆောင် ရည်မြင့်တင်မှုလုပ်ငန်းများကိုအကောင်ထည်ဖော်လုပ်ဆောင်ရွက်သောအခါ အစီစဉ်များတွင်လုပ်ဆောင်နည်းများအနည်းငယ်ကွာခြားသည်ကိုတွေ့ရသည်။ ဇယား(၂)သည်မြန်မာနိုင်ငံကြက်ခြေနီအသင်းက လုပ်ဆောင်လျှက်ရှိသော ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများတွင်မတူညီသောလုပ် ဆောင်နည်း မျ ားကိုစုစည်းတင်ပြထားခြင်းဖြစ်ပါသည်။

## စံသတ်မှတ်ထားသောသင်ရိုးညွှန်းတမ်းနှင့်အညီ စွမ်းဆောင်ရည်တည်ဆောက်ခြင်း

ကြက်ခြေနီ စေတနာ့လုပ်အားရှင်များသည် ယေဘုယျအားဖြင့်အခြေခံရှေးဦးပြုစုခြင်း သင်တန်းမှအစပြု၍ သင်တန်းများကို တက်ရောက်ရသည်။ ထိုသင်တန်း များမှအခြေခံကျသောကနဦးတုန့်ပြန်ကူသမှုကိုသင်ယူရပြီးနောက် အတွေ့အကြုံများကို လက်တွေ့ဝင်ရောက်ကူညီ လုပ်ဆောင်ပြီးမှ အရည်အချင်းမီ ရှေးဦးပြုစုမှုသင်တန်းကို ဆက်လက်တက်ရောက်ရပါသည်။ နှစ်အနည်းငယ်ကြာလုပ်ငန်း နယ်ပါယ်အတွင်အတွေ့ အကြုံအတော်အသင့်ရလာပြီးနောက် ရှေးဦးပြုစုခြင်း နည်းပြသင်တန်းကိုတက် ရောက်ပြီးမှသာလျှင်၄င်းတို့အား သင်တန်းလက်မှတ်ရကျွမ်းကျင်မှုရှိသော သင်တန်းမှူးများအဖြစ်သတ်မှတ်သည်။အထူးကြပ်မတ်သင်ကြားပေးခြင်းဖြင့် အကျိုး အမြတ်ရရှိနိုင်သောသင်တန်းများသည် အခြေခိုင်မာလာသည်။ စွမ်းဆောင်ရည်နှင့် ဗဟုသုတမြင့်မားစေသော စေတနာ့လုပ်အားရှင်များကိုမွေးထုတ်ပေးနိုင်ပါသည်။ရှေးဦးပြုစုခြင်းသင်တန်း ကိုမသင်မနေရတက်ရောက်ထားခြင်းဖြင့် အရည်အချင်းပြည့် စေတနာလုပ်အားရှင်များ ဘေးအန္တရာယ်တုံ့ပြန်ရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများတွင်စေတနာ့လုပ်အားရှင်များသည် အရေးကြီးသော အသက်ကယ်ခြင်းကိုအထူးလိုအပ်သောအချိန်တွင် ပေးဆောင်စေနိုင်ပါသည်။ ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်များတွင်စီမံချက်ပြုလုပ်ရန်သတ်မှတ်ရွေးချယ်ထားသော ကျောင်းများမှ ဆရာ/မများနှင့် ပညာရေးမှူးများကို ရှေးဦးပြုစုခြင်းသင်တန်းများကိုသင်ကြားပို့ချပေးပါသည်။ ရှေးဦးပြုစုခြင်းသင်တန်းများအပြင်မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏စံသတ်မှတ်ထားသော အချို့သင်တန်းများကို စီမံချက်(၅)ချက်နှင့်အသီးသီးရွေးချယ်ထားသော ဒေသ၏ဘေးအန္တရာယ်အခြေအနေနှင့်ရည်မှန်းထားသောဒေသရှိစွမ်းဆောင်ရည်လိုအပ်မှုများပေါ်တွင်မူတည်၍ သင့်တော်သလိုပြုပြင်၍စီစဉ်ရပါသည်။



အခြေခံရှေးဦးပြုစုခြင်းသင်တန်းတွင် လက်တွေ့လေ့ကျင့်နေပုံ

ဥပမာ– ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေးသင်တန်းအားဆရာဖြစ် သင်တန်းအဖြစ်ပြောင်းလဲ တိုးမြှင့်ကာ ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီဝင်(ကြက်ခြေနီစေတနာ့လုပ်အားရှင်ဖယောက်)အားတက်ရောက်စေပြီးမှ၄င်းတို့မှတစ်ဆင့်ရပ်ရွာရှိ ဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုအဖွဲ့အားဆင့်ပွားအသိပညာဗဟုသုတနှင့်ကျွမ်းကျင်မှုများကိုပြန်လည်လက်ဆင့်ကမ်းသင်ကြားပို့ချပေးသည်။ ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု ကော်မတီဝင်များသည် ၄င်းတို့အတွက် အထူးရေးဆွဲထားသောကော်မတီနှင့်ပတ်သက်သော အခန်းကဏ္ဍနှင့်တာဝန်နှင့် ဝတ္တရားများကိုပို့ချပေးသော သင်တန်းကို တက်ကြရပါသည်။ ခေါင်းဆောင်မှုနှင့်ရှေ့ဆောင်ရှေ့ရွက် လုပ်ဆောင်နိုင်မှုစွမ်းရည်များမြင့်မားလာစေရန် ဘေးအန္တရယ်လျော့ပါးရေးအစီအစဉ်များလုပ်ဆောင်နေသည့် မြို့နယ်(၉)မြို့နယ်မှ မြို့နယ်အဆင့်အကြီးတန်းကြက်ခြေနီတပ်ဖွဲ့ ဝင်များကိုလည်း ၂၀၁၂ခုနှစ်နိုဝင်ဘာလတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာန)ရုံးချုပ် တည်ရှိရာနေပြည်တော်တွင် အသင်းခွဲဦးဆောင်စီမံခန့်ခွဲမှု သင်တန်းကိုတက်ရောက်စေခဲ့ပါသည်။ သင်တန်းတွင်ပါဝင်သောသင်ရိုးညွှန်း တမ်းများမှာ ဘေးအန္တရာယ်လျော့ ပါးရေးအခြေခံသဘောတရားများမြန်မာနိုင်ငံ ကြက်ခြေနီအသင်းမူဝါဒနှင့်လုပ်ငန်းစီမံချက်များ၊ ဆက်သွယ်ရေး အထောက်အကူပစ္စည်းများ၊ ကြက်ခြေနီအသင်းခွဲများတိုးတက်ရေးဆိုင်ရာစံပုံစံ၊စည်းလုံးညီညွတ် သောအဖွဲ့ဖွဲ့စည်း ခြင်းနည်းစနစ်များ၊ လူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်များ၊စေတနာလုပ်အားရှင်များ ဘေးကင်းလုံခြုံမှုလမ်းညွှန်နှင့်မူဝါဒ၊ ရှေ့ ဆောင်ရှေ့ရွက်ပြုခြင်းနှင့်ခေါင်းဆောင်မှုစွမ်းရည်၊အစီရင်ခံစာရေးသား

ဇယား ၂ – ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများအောက်ရှိ စွမ်းဆောင်ရည်မြှင့်တင်တည်ဆောက်ရေး သင်တန်းများ

| ရပ်ရွာလူထုအခြေပြုဘေး အန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် | ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် | မြို့ပြဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်/ ရပ်ရွာ လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် | ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် |
| --- | --- | --- | --- |
| • ရပ်ရွာလူထုအခြေပြုဘေး အန္တရာယ်လျော့ပါးရေးစီမံခန့် ခွဲမှုဆရာ ဖြစ်သင်တန်း<br>• ရပ်ရွာအခြေပြုဘေး အန္တရာယ်လျော့ပါး ရေးစီမံခန့်ခွဲမှုဆင့် ပွားသင်တန်း<br>• အခြေခံရှေးဦးပြုစု ခြင်းသင်တန်း<br>• ရပ်ရွာအခြေပြုရှေးဦး ပြုစုခြင်း နည်းပြသင်တန်း<br>• ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်အကဲ ဖြတ်ခြင်းသင်တန်း | • ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေးစီမံခန့်ခွဲမှုဆရာဖြစ် သင်တန်း<br>• ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေးဆင့်ပွားသင်တန်း | • လုပ်ငန်းစောင့်ကြည့်စစ်ဆေးခြင်း၊အကဲဖြတ်ခြင်း နှင့်အစီရင်ခံခြင်းသင်တန်း<br>• ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်း<br>• ကျား–မ မတူညီခြင်း၏ အရေးပါမှုဆိုင်ရာ ပညာပေးသင်တန်း<br>• ကျွမ်းကျင်မှုတည်ဆောက်ရေးဆိုင်ရာသင်တန်း (အရေးပေါ်တုံ့ပြန်မှုအဖွဲ့သင်တန်း၊အသက်မွေး ဝမ်းကြောင်းဆိုင်ရာသင်တန်း၊ဘေးအန္တရာယ်တ ုံ့ ပြန်မှုဆိုင်ရာသင်တန်း)<br>• အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ဝင်များအား ကျွမ်းကျင် မှုဆိုင်ရာသင်တန်း(ရှေးဦး ပြုစုခြင်းသင်တန်း၊ ရေနှင့်သန့်ရှင်းရေးကို လူထုပါဝင်မှုဖြင့် အသွင် ကူးပြောင်းရေးသင်တန်း) | • ဝင်ငွေတိုးလုပ်ငန်းဆိုင်ရာသင်တန်းများ<br>• လူထုအခြေပြုရှေးဦးပြုစုခြင်း နည်းပြသင်တန်း<br>• အခြေခံရှေးဦးပြုစုခြင်းသင်တန်း<br>• အုပ်ချုပ်မှုနှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်း<br>• ကွန်ပြူတာနှင့်ရုံးလုပ်ငန်းများသင်တန်း<br>• ကနဦးလေ့လာဆန်းစစ်မှုသင်တန်း<br>• ထိခိုက်လွယ်မှုနှင့်စွမ်းဆောင်ရည်ဆန်းစစ်အကဲဖြတ်ခြင်း သင်တန်း<br>• ရပ်ရွာအခြေပြုကျန်းမာရေးနှင့်ရှေးဦးပြုစု ခြင်းဆင့်ပွားသင် တန်း<br>• စေတနာ့လုပ်အားရှင်များရှာဖွေစုဆောင်းခြင်းသင်တန်း<br>• ဆက်သွယ်ရေးနှင့်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခြင်းသင်တန်း<br>• ရပ်ရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ အခန်းကဏ္ဍ နှင့်တာဝန်များပို့ချခြင်းသင်တန်း<br>• ဘေးအန္တရာယ်နှင့်ဆိုင်သောသတိပြုနားလည်မှုများ မြှင့်တင်ရေးဆိုင်ရာသင်တန်း |

တင်ပြခြင်းနှင့်ယာယီစခန်းနေရာ စီမံခန့်ခွဲခြင်းအတတ်ပညာစသည်တို့ ဖြစ်ပါသည်။
မှတ်ချက်။ ။ မြို့နယ်အဆင့်ကြက်ခြေနီအသင်းမှ သင်ကြားပို့ချပေးသောအခြားသင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကြက်ခြေနီအသင်းဝင်များစုဆောင်းခြင်း သင်တန်း
- အရေးပေါ်မျိုးဆက်ပွားကျန်းမာရေးသင်တန်း
- အရိုးအကြောနှင့်ပြန်လည်ထူထောင်ရေးသင်တန်း
- အခြေခံရှေးဦးပြုစုခြင်းဆရာဖြစ်သင်တန်း
- ကျန်းမာရေးသင်တန်း

ထို့အပြင်ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများအောက်တွင်အစီအစဉ်ဆောင်ရွက်မှုကိုအထောက်အကူပြုနိုင်သောသက်ဆိုင်ရာကျွမ်းကျင်မှုနှင့်ဗဟုသုတများကိုရစေမည့်အောက်ပါအထူးသင်တန်းများကိုစေတနာ့လုပ်အားရှင်များအတွက်ပို့ချပေးပါသည်။ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု ဆိုင်ရာဆင့်ပွားအဖွဲ့ကဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များဆောင်ရွက်ရေးတာဝန်များကို အဓိကတာဝန် ယူရသောကြောင့် ၄င်းတို့ကိုပို့ချရသောသက်ဆိုင်ရာသင်တန်းများတွင် ကြိုတင်ကာကွယမှုများနှင့် အရေးပေါ်တုန့်ပြန်မှုများ၊ ရပ်ကွက်နေပြည်သူများပါဝင်လာအောင်စည်းရုံးဆော်ဩမှုများ၊ရပ်ရွာနှင့်အိမ်ထောင်စုများအတွက် ကြိုတင်ကာကွယ်မှုများ၊ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များ၊ အသိပညာမြင့်မားရေးဆောင်ရွက်မှုများ၊ အသင်းအဖွဲ့ဆိုင်ရာတိုးမှုနှင့်စီမံခန့်ခွဲအုပ်အုပ်မှုစသည့်ဘာသာရပ်များကိုလွှမ်းခြုံကာမိစေပါသည်။

## စွမ်းဆောင်ရည်မြှင့်တင်ခြင်း အတွက်လက်စွဲ စာအုပ်များနှင့် လမ်းညွှန်စာအုပ်များ ဖြန့်ဝေခြင်း

ရပ်ရွာလူထုအခြေပြု ဘေးအန္တယ်စီမံခန့်ခွဲမှု အစီအစဉ်နှင့်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များ အောက်ရှိဘေး အန္တရာယ်တုန့်ပြန်မှုဆိုင်ရာသင် တန်း ပို့ချရာတွင် 'စဖီရာ' လက်စွဲစာအုပ်ကိုမြန်မာဘာသာ ပြန်ဆိုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ စီမံချက်လုပ်ငန်းများလုပ်ဆောင်သူများကိုဖြန့်ဝေခြင်းများဖြင့်နိုင်ငံတကာမှ လက်ခံထားသောလူမှုကရုဏာကူညီတုန့်ပြန်မှုနှင့်စံသတ်မှတ်ချက်များလိုက်နာမှုကိုအထောက်အကူပြုပါသည်။အထူးသဖြင့်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းများပို့ချပေးခြင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုလက်စွဲစာအုပ်ကို မြို့နယ်အသင်းခွဲများသို့ဖြန့်ဝေခဲ့သည်။
ထို့အပြင်အသင်းခွဲများ၏လုပ်ငန်းဆောင်တာများဖြစ်သော ရန်ပုံငွေရှာဖွေရေးနှင့်ဝင်ငွေတိုးလုပ်ငန်းများပိုမိုကောင်းမွန်လာစေရန် လူထုပါဝင်အောင်ဆော်ဩစည်းရုံးခြင်းလက်စွဲစာအုပ်မူကြမ်းကိုပြုစုနေပါသည်။၄င်းလူထုပါဝင်အောင်ဆော် ဩစည်းရုံးခြင်းလက်စွဲစာအုပ်ကိုအသုံးပြုခြင်းဖြင့်ရန် ပုံငွေအရင်းမြစ်အသစ်များ ရှာဖွေရရှိနိုင်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် လည်းမိတ်ဖက်ဆက်သွယ်မှုများကို အောက်ခြေအဆင့်အထိပြုလုပ်နိုင်မည်ဟုမျှော်လင့်ရပါသည်။၄င်းတို့အပြင်မြန်မာနိုင်ငံကြက်ခြေနီအသင်းက ယာယီဘေးဒုက္ခသည် စခန်းများစီမံခန့်ခွဲမှုလမ်းညွှန်စာအုပ်နှင့် စေတနာ့လုပ်အားရှင်များအတွက် လုံခြုံဘေးအန္တရာယ်ကင်းရေးလမ်းညွှန်စာအုပ်များကိုထုတ်ဝေနိုင်ရန်စီစဉ်လျှက်ရှိပါသည်။

## လက်တွေ့လုပ်ဆောင်သင်ယူခြင်းဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း

သတိပြုရမည့်အချက်မှာမြို့နယ်အဆင့် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့နှင့်ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည်စီမံချက် လုပ်ငန်းများလုပ်ဆောင်သော အဖွဲ့၏ထိန်းချုပ်မှုနှင့်ထောက်ပံ့မှုအောက်တွင် နေ့စဉ်လုပ်ငန်းဆောင်တာများကိုနယ်ပယ် အသီးသီး(မြို့နယ်အသင်းခွဲ၊ ကျောင်းနှင့်ရပ်ရွာလူထု)၌တာဝန်ယူလုပ်ဆောင်နေရသောသူ များဖြစ်သည်။ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား ၄င်းတို့၏စိတ်ဝင်စားမှုပေါ်မူတည်၍ ကဏ္ဍရွေးချယ်ပြီးသက်ဆိုင်ရာ/ လိုအပ် သောသင်တန်းများကို အမျိုးမျိုးသောလုပ်ဆောင်မှုအစီအစဉ်များနှင့်သတ် မှတ်ထားသော ရည်ရွယ်ချက်များပေါ်မူတည် ၍ပံ့ပိုးလုပ်ဆောင်စေပါသည်။အထက်ဖော်ပြပါသင်တန်းများနှင့် အခြား စွမ်းဆောင်ရည်မြှင့်တင်မှု အခွင့်အရေးများအပြင် ၄င်းတို့ကစီမံချက်အကောင်အထည်ဖော်ဆောင် ရွက် မှုများတွင်ပါဝင်လုပ်ဆောင်ခြင်း ဖြင့်ကျွမ်းကျင်မှုနှင့်ဗဟုသုတ ကိုတိုးတက်စေပါသည်။ဤနည်းဖြင့်နည်းပညာတစ်ခု တည်းသာမက အခြားမတူညီသောဘေးအန္တရာယ်ကြို တင်ပြင်ဆင်ရေးနှင့်တုံ့ ပြန်ရေးလုပ်ငန်းများအပြင်စီမံခန့်ခွဲရေးနှင့် သက်ဆိုင် သောအစီရင်ခံစာတင်ပို့ခြင်းနှင့် ဆက်သွယ်သတင်းပို့မှုများကိုလည်းသင်ယူရခြင်းဖြင့် ၄င်းတို့ ၏လေ့လာသင်ယူမှုကိုတစ်ပြိုင်နက်တည်းလွန်စွာတိုးတက် စေပါသည်။ ထို့အပြင်ကြက်ခြေနီစေတနာ့လု



မြန်မာနိုင်ငံကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်များ သင်တန်းတက်နေပုံ

ပ်အားရှင်များသည်လက် တွေ့ ကွင်းဆင်းလုပ်ငန်းများတွင်ပါဝင်ခြင်းဖြင့်မိမိတို့သင်ယူလေ့လာခဲ့ သော စာတွေ့များကိုလက်တွေ့တွင်ပြန်လည်အသုံးချနိုင်ပါသည်။

ဥပမာအနေဖြင့် မြို့နယ်အသင်းခွဲများ၏စွမ်းဆောင်ရည်အကဲ ဖြတ်စစ်ဆေးမှုများ[၅]တွင် ကြက်ခြေနီအမှုဆောင်အဖွဲ့ဝင်များ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ကွင်းဆင်းလုပ်ဆောင်သောအဖွဲ့များနှင့် အတူကြက်ခြေနီစေတနာ့လုပ်အားရှင်များ ပါဝင်ဆောင်ရွက်ခြင်းသည်မြို့နယ်ကြက်ခြေနီ အသင်းလုပ်ငန်းဆောင်ရွက်မှု (TBAT) သင်တန်း မှရရှိသောဗဟုသုတများကို ထုတ်ယူသုံးစွဲခြင်းဖြစ်သည်။ ရှေ့ဆက်လုပ်ရမည့်အကဲဖြတ်စစ်ဆေးမှုများ၏ လုပ်ပုံလုပ်နည်းများကိုသိရှိပြီးမိမိတို့၏စွမ်းဆောင်ရည်များကိုသိမြင်လာကာ တန်ဖိုးရှိသော အချက်အလက်အကြံကောင်းများကိုပေးနိုင်မည်ဖြစ်ပါသည်။ မြို့နယ်နှင့်ရပ်ရွာအဆင့်ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေး အစီအစဉ် များရေးဆွဲရာတွင်၎င်းတို့ပါဝင် ခြင်းကြောင့်အများနည်းတူနားလည်ခွင့် ရရှိစေသည်။ ၂၀၁၂ခုနှစ်မေလတွင်မကွေးရေလွှမ်းမိုးမှု၌ အရေးပေါ်တုန့်ပြန်ရေးလုပ်ဆောင်ချက်များတွင်၎င်းတို့ပါဝင်ခြင်းဖြင့်တုန့်ပြန်မှုနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ၌လက်တွေ့အတွေ့အကြုံများအဖြစ်ထင်ဟပ် စေပါသည်။

## ကြိုတင်လေ့ကျင့်ခြင်းနှင့်သဏ္ဍာန်တူလေ့ကျင့်ခြင်းဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း

ကြိုတင်လေ့ကျင့်ခြင်းနှင့်သဏ္ဍာန်တူလေ့ကျင့်ခြင်းများသည် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုနှင့်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များ၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့်တုံ့ပြန်မှု ပညာပေးသင်တန်းများ၏တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။

၎င်းလုပ်ငန်းဆောင်တာများ၏ အကျိုးရလဒ်မှာ ဖြစ်နိုင်ခြေရှိသောဘေးအန္တရာယ်အဖြစ်အပျက်များကို လက်တွေ့ထင်ဟပ်စေပြီး သက်ဆိုင်ရာအဖွဲ့အစည်းများအား ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်လှုံ့ဆော်ပေးပါသည်။

## ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်၏မြို့နယ်ကြက်ခြေနီအသင်းခွဲစွမ်းဆောင်ရည်ပြန်လည်အားဖြည့်ခြင်းလုပ်ငန်းများ

၂၀၁၁ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်းတွင်ပြုလုပ်ခဲ့သောဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် အလယ်ကာလပြန်လည်သုံးသပ်ခြင်း၏အကြံပြုချက်ပေါ်တွင်အခြေခံ၍ အားစိုက်လုပ်ဆောင်ပြီးသောမြို့နယ်များတွင် စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး၊လူအရင်းအမြစ်၊ စေတနာ့လုပ်ပေးအားဆောင်ရွက်မှု၊ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ဆက်နွယ်နေသောလုပ်ငန်းများဦးတည်လုပ်ရန်ရည်ရွယ်၍မြို့နယ် အဖွဲ့ခွဲများ၏စွမ်းဆောင်ရည်ပြန်လည်အားဖြည့်ပေးခြင်းလုပ်ငန်းအစီအစဉ်များလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၎င်းမြို့နယ်အဖွဲ့ ခွဲ စွမ်းဆောင်ရည်ပြန်လည်အားဖြည့်ပေးခြင်းလုပ်ငန်း အစီအစဉ်ကို၂၀၁၂ခုနှစ်၌ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ်သုံးမြို့နယ်တွင် စတင်လုပ်ဆောင်ခဲ့ပြီးရန်ကုန်တိုင်းဒေသကြီးတွင် ဆက်လက်တိုးချဲ့လုပ်ဆောင်ခဲ့ပါသည်။မြို့နယ်အဆင့်စွမ်းဆောင်ရည်ပြန်လည်အားဖြည့်ပေးခြင်းလုပ်ငန်းအစီအစဉ်၏လုပ်ဆောင်မှု အဆင့်ဆင့်ကို ကဏ္ဍ ၂၃ နှင့် အဆင့် ၁၅

[၅] စီမံချက်လုပ်ငန်းများပြုလုပ်ရန်ရွေးချယ်ထားသော မြို့နယ်များတွင်အသင်းခွဲများ၏စွမ်းဆောင်ရည်ကိုသိရှိရန်နှင့်၎င်းစွမ်းဆောင်ရည်များကိုအကောင် ထည်ဖော်အသုံးချနိုင်ရန်၂၀၁၁ ခုနှစ် တွင်ဘေးအန္တရာယ်လျော့ပါးရေးဌာနမှအတည်ပြုချတ်မှတ် ထုတ်ဝေခဲ့သော အသင်းခွဲများ၏စွမ်းဆောင်ရည်စစ်ဆေးခြင်းပုံစံ ကိုအချို့သောအစီအစဉ်သတ်မှတ်မြို့နယ်များတွင်အသုံးပြုခဲ့ပါသည်။ ထိုစစ်ဆေးလွှာပုံစံကိုနောင်တွင် နိုင်ငံတစ်ဝှမ်းရှိမြန်မာနိုင်ငံကြက်ခြေနီအသင်းခွဲများ၏စွမ်းဆောင်ရည်ကိုစစ်ဆေးနိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်း အဖွဲ့အစည်းများဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနမှရေးဆွဲထားသော စစ်ဆေးလွှာနှင့် အလားတူစွာအသုံးပြုနိုင်ပါ သည်။

ဆင့်ခွဲထားပါသည်။ ငှင်းကဏ္ဍနှင့်အဆင့်များကိုအချိန်၊ ငွေကြေးပမာဏနှင့် မြို့နယ် အသင်းခွဲများ၏ ယခင်ကပြီးစီးသွားပြီဖြစ်သော စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများလုပ်ဆောင်မှုပေါ်တွင်မူတည်၍ဆုံးဖြတ်ပါသည်။

မြို့နယ်အဖွဲ့ခွဲစွမ်းဆောင်ရည်ပြန်လည်အားဖြည့်ပေးခြင်းလုပ်ငန်းအစီအစဉ်သည်မြို့နယ် အသင်းခွဲရုံး များကောင်းမွန်သော အုပ်ချုပ်မှုနှင့်ဘက်ပေါင်းစုံအစီအစဉ်များအကောင်းထည်ဖော်ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးရာ၌စေတနာ့လုပ်အားရှင်များ၏ နည်းပညာပိုင်းဆိုင်ရာနှင့် အုပ်ချုပ်မှုစွမ်းရည်များတိုးတက်မှုကိုဦးစားပေးဆောင်ရွက်ပါသည်။ယခုအချိန်အထိ တိကျသောတိုင်းတာမှုများ၌ပါဝင်သည်များမှာ

- ဗဟိုဌာနချုပ်မှ စီမံကိန်းတည်ရှိရာမြို့နယ်သို့ ငွေလွှဲခြင်းကိစ္စရပ်များပိုမိုလွယ်ကူစေရန် ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းပေးခြင်းဖြင့် လုပ်ငန်းများကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင်ပိုမိုမြန်ဆန်လွယ်ကူအောင်အထောက်အကူပေးနိုင်ပါသည်။
- ရုံးလုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် ပစ္စည်းဝယ်ယူဖြည့်တင်းခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းသင်တန်း ကိုအရေးကြီးဆုံးပဂ္ဂိုလ်များအဖြစ် ဘေးအန္တရာယ်လျော့ပါးရေးဌာနမှသင်တန်းမှူးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းပစ္စည်းဝယ်ယူထောက်ပံ့ရေးအရာရှိတို့က နည်းပြများအဖြစ်သင်တန်းကိုပို့ချပါသည်။ ရုံးလုပ်ငန်းဆောင်တာများ ပိုမိုလွယ်ကူစေရန် ရုံးသုံးပစ္စည်း များကိုလွှဲပြောင်းပေးခဲ့ပြီး အချို့ ကိုငှင်းတို့ရုံးအသစ်အဆောက်အဦးများဆောက်လုပ်ရန် ပံ့ပိုးပေးပါသည်။
- ကွန်ပြူတာသင်တန်းများဖွင့်လှစ်ခြင်း။ ကြက်ခြေနီစေတနာ့ဝန်ထမ်းများ ရုံးလုပ်ငန်းများတွင် ကွန်ပြူတာကိုင်တွယ်အသုံးပြုတတ်စေရန်နှင့်လုပ်ငန်းကြိုတင်ပြင်ဆင်မှုများနှင့် အစီရင်ခံစာများနှင့် စာရွက်စာ တမ်းများကိုဗဟိုရုံးချုပ်သို့ တင်ပြရန် ရည်ရွယ်ချက်ဖြင့် (၁၀)ရက်ကြာမျှ သင်ကြားပို့ချပေးပါသည်။



အခြေခံရှေးဦးခြင်းသင်တန်းတွင်လက်တွေ့သရုပ်ပြလုပ်ဆောင်နေပုံ

## ဖြစ်မြောက်အောင်ကူညီထောက်ပံ့ပေးသော အကြောင်းအရာများ

အခြေခံအားဖြင့်မြန်မာနိုင်ငံကြက်ခြေနီအသင်း မြို့နယ်အဆင့်အသင်းအဖွဲ့များအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း လုပ်ငန်း၏များတွင် ရလဒ်ကောင်းများရရှိရခြင်းမှာ–

### မြို့နယ်အသင်းခွဲများအား ပြန်လည်အားဖြည့်ခြင်း အစဉ်၏ရည်ရွယ်ချက်များ

- မြို့နယ်အသင်းခွဲများ၏ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ(မြို့နယ်၊ကျောင်းနှင့်ရပ်ရွာလူထု) ရေရှည်တည်မြဲနေစေရန် မြို့နယ်များ၏ စီမံခန့်ခွဲမှု၊ နည်းပညာပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့်လူအင်အားအရင်းအမြစ်ဆိုင်ရာစွမ်းဆောင်ရည်များကိုစိစစ်ဆေးခြင်း။
- လုံခြုံစိတ်ချရပြီးဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်သောရပ်ရွာလူထုဖြစ်လာနိုင်ရေးကိုအထောက်အကူပြုရန် ရွေးချယ်သတ်မှတ်ထားသောစီမံချက်လုပ်ငန်းများပြုလုပ်ရန် နည်းပညာပိုင်းဆိုင်ရာနှင့်ဘဏ္ဍာရေး ထောက်ပံ့မှုတို့ကိုပေးခြင်းဖြင့်မြို့နယ်အသင်းခွဲများ၏စွမ်းဆောင်ရည်များကိုမြှင့်တင်ခြင်း။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ပြည်နယ်တိုင်းဒေသကြီးအသင်း ခွဲများမှလုပ်ဆောင်နေသော လုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက်စေပြီးမြို့နယ်/ရပ်ရွာလူထုနှင့်ကျောင်းနှင့်ဆိုင်သောလုပ်ငန်းများကို ကူညီထောက်ပံ့ပေးနိုင်ရန် နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးထောက်ပံ့မှုတို့ကိုပေးခြင်း။

- ကျယ်ပြန့်စွာဆက်သွယ်ထားသော ကြက်ခြေနီစေတနာ့လုပ်အားရှင်စနစ်ရှိနေခြင်း။မြန်မာနိုင်ငံတစ်ဝန်လုံးရှိပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင်ကြက်ခြေနီစေတနာ့လုပ်အားရှင်များရှိပါသည်။ ၎င်းအင်အားသည် အချိန်တိုအတွင်းတွင် ဘေးအန္တရာယ်လုပ်ငန်းများကို ပိုမိုထိရောက်စွာလုပ်ကိုင်စေနိုင်ပါသည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏အတွေ့အကြုံ။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နှစ်ပေါင်းများစွာရှည်ကြာနေပြီဖြစ်သောလူမှုကရုဏာလုပ်ငန်းများနှင့်ဘေးအန္တရာယ်လျော့ပါးရေးအကောင်ထည်ဖော်ဆောင်ရွက်ချက်များကြောင့်အတွေ့အကြုံရင့်ကျက်သောဝန်ထမ်းများရှိနေပြီး၎င်းတို့သည်ရရှိပြီးသော အတွေ့အကြုံများနှင့် အသိပညာများကိုအခြားသူများအားလက်ဆင့်ကမ်းခြင်းနှင့်ဖလှယ်ခြင်းများကို စိတ်ထက်သန်စွာ လုပ်ဆောင်လိုကြပါသည်။
- သင်တန်းအထောက်အကူပစ္စည်းများရှိနေခြင်း။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွင်းသာမကအခြားနိုင်ငံအတွင်းနှင့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင်ပါ သက်ဆိုင်ရာသင်တန်းအတွက်သက်ဆိုင်သောသင်ရိုးညွှန်းတမ်းစာအုပ်များနှင့် အထောက်အကူပစ္စည်းများရရှိနိုင်ခြင်းသည်အချိန်သက်သာစေပါသည်။
- အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု အားကောင်းခြင်း။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခန်းကဏ္ဍများကိုအစိုးရအာဏာပိုင်အဖွဲ့အစည်းများကသိရှိထားခြင်းသည် ၎င်းတို့ကူညီထောက်ပံ့မှုများကို လွယ်ကူစွာညှိနှိုင်းနိုင်ပြီးသင်တန်းများဖွင့်လှစ်ရန်နှင့် ့အခြားဖြည့်ဆည်းရန်လိုအပ်သော လုပ်ငန်းဆောင်တာများ ဆောင်ရွက်ခွင့်ကိုလျှင်မြန်လွယ်ကူစွာရရှိစေပါသည်။

## ရင်ဆိုင်ကြုံတွေ့ရသောအခက်အခဲများ

စွမ်းဆောင်ရည် တည်ဆောက်ရေးကြိုးပမ်းမှုများ အောင်မြင်သော်လည်း စီမံချက်တိုင်းမှ အသင်းများသည် အကောင်ထည်ဖော်ဆောင်ရွက်ချိန်တစ်လျောက်လုံး အခက်အခဲများရှိနေဆဲပင်ဖြစ်သည်။ ပထမဆုံးအချက်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများနှုတ်ထွက်သည့်နှုန်း မြင့်မားသည့်အတွက် လူသစ်ပြန်လည်ခန့်ထားရခြင်းနှင့်စွမ်းဆောင်ရည်တည်ဆောက်မှုသင်တန်းများ အစဉ်မပြတ်ဆောင်ရွက်နေရခြင်းဖြစ်သည်။ မြို့နယ်အသင်းခွဲများတွင်ပါဝင်ဆောင် ရွက်နေသောလေ့ကျင့်ပြီးဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များ၏အင်အားကို ထိန်းသိမ်းထားနိုင်မှုအားနည်းရခြင်းအကြောင်းရင်းကို ကြက်ခြေနီစေတနာ့လုပ် အားရှင်များအနေဖြင့်ပို၍ သိသာစေပါသည်။ အဘယ်ကြောင့်ဆိုသော်၎င်းတို့သည် အခြားနယ်နှင့်မြို့များသို့ အသက်မွေးဝမ်းကျောင်းအတွက် ပြောင်းရွှေ့သွားရသောကြောင့်ဖြစ်သည်။

ဒုတိယအချက်မှာ– ဖြစ်ရပ်လေ့လာထားမှုများတွင်တင်ပြထားသည့်အတိုင်းမြို့ နယ်တိုင်းမှစေတနာ့လုပ်အားရှင်များသည် စံသတ်မှတ်ထားသောသင်တန်းများကိုရရှိသော်လည်း အထူးသင်တန်းပို့ချမှုများသည် ယင်းမြို့နယ်တွင်အကောင်ထည်ဖော်ဆောင်ရွက်သော ဘေးအန္တရာယ်လျော့ချရေးအစီအစဉ်ပေါ်တွင်မူတည်ပါသည်။ ထို့အတွက်ကြောင့် စေတနာလုပ်အားရှင်များ၏စွမ်းဆောင်ရည်သည်လည်းမြို့နယ် အလိုက်ကွဲပြားကြပါသည်။ ထို့ပြင်သင်တန်းများနှင့် သင်တန်းလက်စွဲများသည်လည်း ယင်းတို့တာဝန်ထမ်းဆောင်နေသော သဘာဝဘေးလျှော့ချရေး စီမံချက်များအလိုက်ကွဲပြားနိုင်ကြပေသည်။ ထိုအချက်သည် စေတနာ့လုပ်အားရှင်များနှင့်သက်ဆိုင်သောဝန်ထမ်းများအတွက် လုပ်ငန်းလုပ်ဆောင်ရာတွင်ရှုပ်ထွေးမှုများတစ်ခါ တစ်ရံဖြစ်ပေါ်တတ်ပါသည်။

တတိယအချက်မှာ – စီမံချက်မြို့နယ်များရှိ အသင်းခွဲရုံးများတွင်ဆက်သွယ်ရေးစနစ်မှာ အခြေခံအဆင့်သာရှိသောကြောင့် ဗဟိုရုံးချုပ်ရှိဝန်ထမ်များ၊ ရန်ကုန်အခြေစိုက်မိတ်ဖက် ကိုယ်စလှယ်အဖွဲ့များနှင့်ကွင်းဆင်းဆောင် ရွက်သူများအကြားတွင် အပြန်အလှယ်ဆက်သွယ်မှုများလုံလောက်မရှိခြင်းပင်ဖြစ်သည်။

## သင်ခန်းစာရရှိမှုများနှင့်အကြံပြုချက်များ

- စွမ်းဆောင်ရည်မြှင့်တင်ရေး အစပျိုးလုပ်ငန်းများ အောင်မြင်နိုင်စေရန်ဦးတည်ထားသောအကျိုးခံစားခွင့်ရှိသူများ၏ ပင်ကိုယ်ရှိပြီးစွမ်းဆောင် ရည်များကိုသိရှိထားရန်နှင့်သင့်တော်သောပြင်ဆင် ပေးနိုင်ရန်အရေးကြီးပါသည်။ ယခုလက်ရှိအတိုင်းအတာအချိန်အထိမြို့ နယ်ကြက်ခြေနီအသင်းခွဲများ၏ စွမ်းဆောင်ရည်စစ်ဆေးတိုင်းတာမှုလုပ် ငန်းများကိုမြို့နယ်အချို့၌သာပြီးစီးသေးသည်။

- မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းများကိုလုပ်ဆောင်နေသောစေတနာ့လုပ်အားရှင်များစီမံခန့်ခွဲမှုစနစ်နှင့် ဆောင်ရွက်ချက်များကိုမြှင့်တင်ပေးသင့်ပြီး စီမံချက်အသီးသီးအောက်တွင်လုပ်ဆောင်နေသောရပ်ရွာအခြေပြုလုပ်ငန်းကိုစွမ်းစွမ်းတမံလုပ်ဆောင်နိုင်ရန်လုပ်ငန်းကျွမ်းကျင်မှုများလိုအပ်ပါသည်။ကောင်းမွန်သောစေတနာ့လုပ်အားရှင်များစီမံခန့်ခွဲမှုစနစ်သည်မြန်မာနိုင်ငံကြက်ခြေနီအသင်းအားသက်ဆိုင်ရာသင်တန်းရထားပြီးသောစေတနာ့လုပ်အားရှင်းများကိုရှာဖွေရာတွင်လွယ်ကူစေပြီးသက်ဆိုင်ရာလုပ်ငန်းဝန်ဆောင်မှုများလုပ်ဆောင်ရန်တာဝန်ချမှတ်နိုင်ပါသည်။

- နေပြည်တော်ရှိမြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာန)ရုံးချုပ်၊ ရန်ကုန်တွင်ခြေစိုက်သောမိတ်ဖက်အဖွဲ့အစည်းများနှင့်နယ်မှကွင်းဆင်းလုပ်ဆောင် နေသောအဖွဲ့များအကြားဆက်သွယ်မှုပိုမိုတိုးတက်ကောင်းမွန်စေခြင်းဖြင့်လုပ်ဖော်ကိုင်ဖက်အဖွဲ့များမှ အမြင့်ဆုံးနှင့်အကောင်းဆုံးကူညီဖေးမမှုရှိစေနိုင်ပါသည်။

- အသင်းကြီး၏ နှစ်စဉ်လုပ်ငန်းများသည် ယခင်ကစေတနာ့လုပ်အားရှင် မျ ားနှင့်ပံ့ပိုးပေးခဲ့သောဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်တုန့်ပြန် မှုသင်တန်းများကိုဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးမှုများလျော့ပါးရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများတွင်အကျိုးရှိစေပါသည်။ထို့ကြောင့်လေ့ကျင့်သင်ကြားထားသောစေတနာ့လုပ်အားရှင်များနှင့် ကြက်ခြေနီအမှုဆောင်ကော်မတီများရပ်ဆိုင်းနှုတ်ထွက်ခြင်းများလျော့နည်းစေရန်အားပေးဆွဲဆောင်မှုအစီအစဉ်များ ထားရန်လိုအပ်ပါသည်။

- သင်တန်းတက်ရောက်သူများ သင်ကြားမှု အတွေ့အကြုံများရရှိစေရန် သင်ရိုးညွှန်းတမ်းများနှင့် လက်စွဲစာအုပ်များ ကိုမြန်မာနိုင်ငံကြက်ခြေနီအသင်းကစံသတ်မှတ်ထားရှိရန်လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့်မြို့ နယ်တစ်ခုတွင် လေ့ကျင့်သင်ကြားပြီးသောစေတနာ့လုပ်အားရှင်များအခြားမြို့နယ်သို့ပြောင်းရွှေ့သွားလျှင်၄င်းတို့သည် နောက်ထပ်သင် တန်းများတက်ရောက်ရန်လိုအပ်မှုရှိ မရှိပဲစီမံချက်လုပ်ငန်းများတွင်ကျွမ်းကျင်စွာပါဝင်လုပ်ဆောင်ရွက်နိုင်ပါသည်။

## ကျမ်းကိုးစာရင်း


- မြန်မာနိုင်ငံကြက်ခြေနီအသင်းရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုအ ကောင်ထည်ဖော်လုပ်ဆောင်ခြင်းလမ်းညွှန် (၂၀၀၉)
- မြန်မာနိုင်ငံကြက်ခြေနီအသင်း ၂၀၁၀ လုပ်ဆောင်ခဲ့သောလုပ်ငန်းအစီအစဉ်အစီရင်ခံစာ ဖေဖဝါရီ ၂၀၁၀မှဇန်နဝါရီ၂၀၁၁။မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်လျော့ပါး ရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး – ပင်လမ်းကမ်းရိုးတမ်းဒေသအစီအစဉ်
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၂၀၁၁ လုပ်ငန်းအစီအစဉ်များပြန်လည်တင်ပြခြင်းအစီရင်ခံစာဇန်နဝါရီ ၂၀၁၁ ဒီဇင်ဘာ၂၀၁၂အထိ။မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်လျော့ပါးရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး– ပင်လမ်းကမ်းရိုးတမ်းဒေသ–အစီအစဉ်
- အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒ်ရေးရှင်း နှစ်စဉ်အစီရင်ခံစာ၊ ၂၀၁၁ မြန်မာနိုင်ငံ။
- မြန်မာနိုင်ငံကြက်ခြေနီအသင်း ၂၀၁၂ လုပ်ငန်းအစီအစဉ်များပြန်လည်တင်ပြခြင်းအစီရင်ခံစာ ဇန်နဝါရီ၂၀၁၂ ဒီဇင်ဘာ၂၀၁၂အထိ။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်လျော့ ပါးရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး– ပင်လမ်းကမ်း ရိုးတမ်းဒေသအစီအစဉ်
- မြန်မာနိုင်ငံကြက်ခြေနီအသင်း ၂၀၁၂ အရေးဖော်စီမံချက်
- ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ၂၀၁၁၊ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံ ခန့်ခွဲမှု၊ မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များ
- အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏ အရေးပေါ်အခြေအနေ တွင်ကယ်ဆယ်ရေးလုပ်ငန်းများရန်ပုံငွေလည်ပတ်မှု အစီရင်ခံစာ။ ၂၀၁၂ ခုနှစ် မေလ တွင်မြန်မာနိုင်ငံ မကွေးတိုင်းဒေသရှိရေလွှမ်းမိုးမှု
- ၂၀၁၃ခုနှစ်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ခြုံငုံသုံးသပ်ချက်–မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်လျော့ပါးရေးစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး မြစ်ဝကျွန်းပေါ်ဒေသအစီအစဉ်များရေးဆွဲထားချက်အားတင်ပြထားခြင်း
- မြန်မာနိုင်ငံကြက်ခြေနီအသင်း၊မြို့နယ်ကြက်ခြေနီအသင်းခွဲများ၏ စွမ်းဆောင်ရည်အကဲဖြတ် စစ်ဆေးချက်
- မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်စီမံခန့်ခွဲရေးမူဝါဒ

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်လက်တွေ့ဆောင်ချက်များသည်မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ဦးတည်ချက်တစ်ရပ်ဖြစ်သောမြန်မာနိုင်ငံအတွင်းရှိဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများတွင်မှီတင်း နေထိုင်နေကြကုန်သောရပ်ရွာနေပြည်သူပြည်သားများတွင်ဘေးအန္တရာယ် ကျရောက်မှုလျော့ပါးစေရန် ရည်ရွယ်၍ လုပ်ဆောင်နေသော လက်တွေ့လေ့လာခြင်းဖြစ်သည်။**

ဤဖြစ်ရပ်များသည်မြန်မာနိုင်ငံရှိမြို့နယ်၃၉မြို့နယ်မှ ခရိုင်ဒေသကြီး ၇ ခုတွင် အမှန်တစ်ကယ်ကြုံတွေ့ခဲ့ရသော ဘဝအတွေ့အကြုံ၊ ကောင်းမွန်သော လက်တွေ့လုပ်ဆောင်ချက်နှင့် ပြန်လည်လေ့လာဆန်းစစ်သုံးသပ်ချက်များကို စီစစ်ကောက်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါအစီအစဉ်တွင်ကျေးလက်နှင့်မြို့ပြဒေသများတွင် ဘေးအန္တရာယ်လျော့ပါးရေးအသိပညာဗဟုသုတများတိုးပွားစေခြင်း၊စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်း၊(နိုင်ငံတော်အဆင့်ဘေးအန္တရာယ်တုန့်ပြန်ရေးအဖွဲ့၊အရေးပေါ်တုန့်ပြန်၊ပြန်ကြားရေးအဖွဲ့)၊စေတနာ့ဝန်ထမ်းများမွေးထုတ်ပေးခြင်း၊ကျောင်းအခြေပြုကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် များကိုတသားတည်းထည့်သွင်းစဉ်းစားခြင်းစသည့်လုပ်ငန်းတာများပါဝင်သည်။ဤလုပ်ငန်းစဉ်မှတ်တမ်းများသည်နောင်တစ်ကြိမ်ပြန်လည်အသုံးချရာတွင်သင်ထောက်ကူပစ္စည်းများ၊ကိုးကားချက်များအနေဖြင့် ပြန်လည်အသုံးပြုခြင်းသည် အကောင်းဆုံးအရာများဖြစ်သည်။ ဤလက်တွေ့လေ့လာမှုများသည်မြန်မာနိုင်ငံကြက်ခြေနီအသင်းကအပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့်မိတ်ဖက်ကြက်ခြေအနီအသင်းများဖြစ်သော ပြင်သစ်ကြက်ခြေနီအသင်း၊ ကနေဒီးယန်းကြက်ခြေနီအသင်းနှင့်အမေရိကန်ကြက်ခြေနီအသင်းတို့၏အကူအညီဖြင့်ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ဖွဲ့စည်းပုံကိုအစကနဦးအနေဖြင့်မြန်မာနိုင်ငံအတွက် လုပ်ဆောင်းပေးခဲ့ခြင်းဖြစ်သည်။


အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤလိပ်စာဖြင့်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရာဇသင်္ဂဟလမ်းကြီး၊ ဒက္ခိဏသီရိ၊ နေပြည်တော်**

**ဖုန်း(+၉၅) ၀၆၇ ၄၁၉၀၁၇ – လိုင်းခွဲ ၂၂၀**

**ဖက် (+၉၅) ၀၆၇ ၄၁၉၀၁၇**



ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းဖွဲ့စည်းပုံကနဦးစတင်ဆောင်ရွက်ခြင်းတို့ကိုအောက်ပါမိတ်ဖက်ကြက်ခြေနီအသင်းတို့၏ အကူအညီဖြင့်ဆောင်ရွက်ပါသည်။

International Federation of Red Cross and Red Crescent Societies — အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း

croix-rouge française — ပြင်သစ်ကြက်ခြေနီအသင်း

CANADIAN RED CROSS — ကနေဒီယန်းကြက်ခြေနီအသင်း

American Red Cross — အမေရိကန်ကြက်ခြေနီအသင်း

CBDRR Framework is facilitated by

adpc Asian Disaster Preparedness Center